# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၄–၃–၂၀၁၅ ] ( အင်္ဂါနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်ခင်သန္တာ၊ တံတားဦး မဲဆန္ဒနယ်၏ **ကျောက်ဆည်မြို့နယ်၊ ဇော်ဂျီဂေါက်ကွင်းအတွက် သိမ်းယူထားသော လယ်မြေများကို မူလပိုင်ရှင် တောင်သူများထံသို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစိုးသိမ်း၊ ကလေးဝ မဲဆန္ဒနယ်၏ **ကလေးဝမြို့နယ်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ သမိုင်းမှတ်တိုင်ဖြစ်သော လွတ်လပ်ရေး ကျောက်တိုင်ကို တစ်နည်းအားဖြင့် ပထမအကြိမ် လွှတ်တော် အရပ်ရပ်၏ သမိုင်းကျောက်တိုင်အဖြစ် ၂၀၁၆ ခုနှစ်၊ လွတ်လပ်ရေးနေ့ မတိုင်မီ စိုက်ထူပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်၏ **ကျုံပျော်မြို့နယ်၊ အနောက်ဘက်ခြမ်းဒေသရှိ လမ်းများအား ကျေးလက်လမ်းများအဖြစ် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ (၃၀)ကျော်အတွက် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးကို ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင် လျာထားသတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်သို့ ဆက်သွယ်ထားသော စစ်တောင်းမြစ်ကူး တံတားကြီးအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **ကျောက်တံခါးမြို့နယ်၊ အင်းပတ်လည် ကျေးရွာ၊ ကြို့ကုန်းကျေးရွာ၊ စစ်မိုလ်ကြီးကျေးရွာ၊ အောင်မြင်ကုန်း ကျေးရွာ၊ ဖိုးသောင်ကုန်းကျေးရွာ၊ အလယ်မြောင်ကျေးရွာ၊ အင်းဖြောင့်ကျေးရွာ၊ မှန်ချောင်းကျေးရွာနှင့် အင်းရွာသို့ ဆက်သွယ် ထားသော မြေသားလမ်းနှင့် အလယ်မြောင် တံတား၊ အောင်မြင်ကုန်း ကျေးရွာရှိ တံတားတို့သည် ပျက်စီးနေပါသဖြင့် မည်သည့်အချိန်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်က **"နိုင်ငံတော်၏ လွှတ်တော်အဆင့်ဆင့်ရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို ရွေးချယ်တင်မြှောက်ပေးရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြီးကြပ်မှုဖြင့် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြသော ရွေးကောက်ပွဲကော်မရှင်**

**အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များအဖြစ် တာဝန်ထမ်းဆောင်နေကြသူများအား နိုင်ငံတော်၏ ဘဏ္ဍာငွေမှ သင့်တင့်လျောက်ပတ်သည့် စရိတ်ချီးမြှင့်ငွေ ခံစားနိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေများ၌ ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းပေးသင့်ကြောင်း"** အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **"အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။